scottish refugee council

Burmese

# မိသားစု ပြန်လည်ပေါင်းစည်းမှု

## ဆက်လက်နေထိုင်ရန် အကန့်သတ်မဲ့ခွင့်ရှိသည့် ဒုက္ခသည်မဟုတ်သူများ

**မိသားစု ပြန်လည်ပေါင်းစည်းမှုကို ဆွေးနွေးရန် ဥပဒေအကြံပေး သို့မဟုတ် ဥပဒေကိစ္စဆောင်ရွက်ပေးသူထံသို့ သင်မချဉ်းကပ်မီ အောက်ပါ အချက်အလက်များသည် သင့်အား သတင်းအချက်အလက်နှင့် သက်သေခံ အထောက်အထားများ တတ်နိုင်သရွေ့အများဆုံး ကောက်ယူစုဆောင်းနိုင်ရန် အကူအညီပေးလိမ့်မည်။**

သင့်တွင် **ဆက်လက်နေထိုင်ရန် အချိန်အကန့်သတ်မဲ့ ခွင့်** ရှိပြီး သင်သည် **ဒုက္ခသည်တစ်ယောက်မဟုတ်ဘဲ** သင့်အနေဖြင့် သင့်မိသားစုဝင်တစ်ယောက်အား ယူကေတွင် သင်နှင့်အတူ နေထိုင်စေလိုလျှင် သင့်အနေဖြင့် အောက်ပါအချက်များကို သက်သေပြနိုင်ရန် လိုအပ်လိမ့်မည်။

- သင့်တွင် ဆက်လက်နေထိုင်ရန် အချိန်အကန့်သတ်မဲ့ ခွင့် ရှိကြောင်း၊ ဥပမာအားဖြင့် သင်၏ လူဝင်မှု အခြေအနေ မှတ်တမ်းမှတ်ရာ
- ၎င်းတို့သည် သင်နှင့် ဆွေမျိုးတော်စပ်ကြောင်း၊ ဥပမာအားဖြင့် လက်ထပ်စာချုပ် သို့မဟုတ် မွေးစာရင်း/မွေးစား လက်မှတ်၊ မင်္ဂလာဆောင် ဓာတ်ပုံများ သို့မဟုတ် မိသားစုဓာတ်ပုံများ
- ၎င်းတို့အား သင့်အနေဖြင့် ပုံမှန်ဆက်သွယ်နေသေးကြောင်း၊ ဥပမာအားဖြင့် ဖုန်းကတ်များ၊ စာများ၊ ငွေလွှဲလက်ခံဖြတ်ပိုင်းများ
- ထောက်ပံ့ကြေးများမှ သင်ယခု လက်ခံရရှိနေသည့် ငွေထက် ပိုမိုလက်ခံရယူခြင်း မရှိဘဲ သင်နှင့် သင့်မိသားစုသည် ယူကေတွင် နေထိုင်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ၎င်းမှာ သင်နှင့်အတူ လာရောက်နေထိုင်မည့် သူများကို နေရာထိုင်ခင်းပေးနိုင်လောက်အောင် ကြီးမားသည့် အိမ်တစ်လုံး သင့်တွင်ရှိရမည်ဖြစ်ပြီး အလုပ်တစ်ခုရှိရမည်ဟု ဆိုလိုသည်။ ဥပမာအားဖြင့် ဘဏ်ငွေစာရင်းရှင်းတမ်းများ၊ အလုပ် သဘောတူစာချုပ်နှင့် လစာဖြတ်ပိုင်းများ၊ အိမ်ငှားစာချုပ် သို့မဟုတ် သင့် အိမ်ပိုင်ရှင်ထံမှ စာ၊

**နိုင်ငံရပ်ခြားရှိ သင့်မိသားစုဝင်သည် အောက်ပါတို့ကို ယူကေ သံရုံးကို သက်သေပြရမည်။**

1) ခင်ပွန်း/ဇနီး/တရားရုံးတက် လက်ထပ်ထားသည့် အဖော်[1] တစ်ယောက်ပါဝင်သော ကိစ္စတွင်

- ၎င်းတို့နှင့် သင်သည် အသက် ၂၁နှစ် သို့မဟုတ် ထိုထက်ကြီးကြောင်း
- သင်တို့ တစ်ဦးကို တွေ့ဆုံပြီး ဇနီး ခင်ပွန်း၊ ရုံးတက်လက်ထပ်ထားသော အဖော်များ သို့မဟုတ် အဖော်များ[2](လိင်တူအပါအဝင်) အဖြစ် အမြဲနေထိုင်သွားရန် ရည်ရွယ်ကြောင်း

2) ကလေးတစ်ယောက်ပါဝင်သော ကိစ္စတွင် (မွေးစားကလေး အပါအဝင်)

- ၎င်းကလေးသည် အသက် ၁၈နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိ သို့မဟုတ် သီးခြား လွတ်လပ်စွာနေထိုင်နေကြောင်း
- သို့မဟုတ် အောက်ပါတို့ဖြစ်ကြောင်း
  - o မိဘ နှစ်ပါးစလုံး ယူကေတွင်ရှိရမည် သို့မဟုတ်
  - o ကလေးအား ပြုစုစောင့်ရှောက်မှုနှင့် ပျိုးထောင်မှုအတွက် သင်တစ်ဦးတည်း တွင် တာဝန်ရှိသည်(ငွေပို့ခြင်း သို့မဟုတ် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း သို့မဟုတ် ကလေးနှင့် ပုံမှန်ဆက်သွယ်ခြင်းဖြင့်)

3) အခြား ဆွေမျိုးများပါဝင်သော ကိစ္စတွင်

- ၎င်းတို့သည် သင်၏ မိဘ သို့မဟုတ် အဘိုးအဘွား၊ သား၊ သမီး၊ ညီမ/အစ်မ၊ အစ်ကို၊ညီ၊ အဒေါ် သို့မဟုတ် ဦးလေး ဖြစ်ကြောင်းနှင့်
- မိဘ သို့မဟုတ် အဘိုးအဘွားတစ်ယောက်သည် ၆၅ နှစ် မကျော်ပါက 'ထူးခြားသော မေတ္တာဂရုဏာ ကြီးမားသည့် အခြေအနေများ[3]' တွင် ၎င်းတို့ဖာသာ နေထိုင်နေကြောင်း၊ ဥပမာ နေမကောင်းဖြစ်နေပြီး သို့မဟုတ် အလွန်ဆင်းရဲပြီး သင်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နိုင်မှု မရှိကြောင်းနှင့်

---

1 လိင်တူ ဆက်ဆံရေးကို တရားဥပဒေအရ ခွင့်ပြုခြင်း

2 လက်ထပ်မထားသော အဖော်များသည် လက်ထပ်ထားသကဲ့သို့သော ဆက်ဆံရေးဖြင့် ၂ နှစ်ကြာ နေထိုင်ခဲ့ပြီးဖြစ်ရမည်။

3 လူဝင်မှု နည်းပဒေများ၊ အပိုဒ် ၃၁၇

- ၎င်းတို့သည် အဓိက အားဖြင့် သင့်အပေါ်တွင် ငွေရေးကြေးရေးအရ မှီခိုနေကြောင်းနှင့်
- ၎င်းတို့ကို ထောက်ပံ့ရန် အခြား နီးစပ်သော ဆွေမျိုးသားချင်းမရှိကြောင်း၊

**အခြား အရေးကြီးသော အချက်အလက်များ**

- မည်သည့် မူရင်း စာရွက်စာတမ်းများကို မဆို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။
- သင့် မိသားစုဝင်တွင် နိုင်ငံကူးလက်မှတ် သို့မဟုတ် သက်သေခံ စာရွက်စာတမ်းရှိပါက၊ ၎င်းသည် လျှောက်ထားမှုအတွက် များစွာ အထောက်အကူဖြစ်လိမ့်မည်။
- ၎င်းတို့သည် ယခုအခါ မည်ကဲ့သို့သော အခြေအနေများတွင် နေထိုင် နေကြသနည်း။ မည်သူနှင့်နည်း။ ၎င်းတို့ကို မည်သူက ထောက်ပံ့သနည်း။ ထိုနေရာတွင် ၎င်းတို့သည် အဘယ်ကြောင့် မနေထိုင်နိုင်တော့ သနည်း။

**သတိ၊** လျှောက်လွှာခကို နိုင်ငံရပ်ခြား ယူကေ သံရုံးတွင် ပေးဆောင်ရမည်။

**စည်းကမ်းသတ်မှတ်ချက်များနှင့် ပြည့်စုံစေရန် သင့်အနေဖြင့် စုဆောင်းနိုင်သည့်အသုံးဝင်သော သက်သေ အထောက်အထားများ**

| **စည်းကမ်းသတ်မှတ်ချက် လိုအပ်ချက်များ** | **သက်သေ အထောက်အထားဥပမာများ** |
|---|---|
| ဆက်လက်နေထိုင်ရန် အချိန်အကန့်သတ်မဲ့ ခွင့် | သင့် လူဝင်မှု အခြေအနေ မှတ်တမ်းမှတ်ရာ<br>သင့်ခရီးသွား မှတ်တမ်းမှတ်ရာ |
| ဆွေမျိုးတော်စပ်မှု/မိသားစု အစိတ်အပိုင်း | သင်၏ လက်ထပ်စာချုပ်<br>သင့် ကလေးအတွက် မွေးစာရင်း/မွေးစားမှုလက်မှတ်<br>သင့်မင်္ဂလာဆောင် သို့မဟုတ် မိသားစု ဓာတ်ပုံများ |
| ပုံမှန် အဆက်အသွယ်ပြုလုပ်မှု | ဖုန်းကတ်များ သို့မဟုတ် မှတ်တမ်းများ<br>စာများ<br>ငွေလွှဲလက်ခံ ဖြတ်ပိုင်းများ |
| လုံလောက်သော ထောက်ပံ့ငွေ | အလုပ် သဘောတူစာချုပ်<br>လစာဖြတ်ပိုင်းများ<br>ဘဏ်ငွေစာရင်းရှင်းတမ်းများ |
| လုံလောက်သော နေရာထိုင်ခင်း | အိမ်ငှား စာချုပ်<br>အိမ်ပိုင်ရှင်ထံမှ စာ၊ |

**မည်သူက ကူညီ နိုင်သနည်း။**

စကော့တလန် ဒုက္ခသည် ကောင်စီသည် မိသားစု ပြန်လည်ပေါင်းစည်းရေး ဝန်ဆောင်မှုကို မပေးတော့ပါ။ သို့ရာတွင် သင့် ဥပဒေရေးရာ ကိုယ်စားလှယ်သည် သင့်အား ကူညီနိုင်ပါလိမ့်မည်။ သင့်တွင် ဥပဒေရေးရာ ကိုယ်စားလှယ်တစ်ယောက် မရှိပါက သို့မဟုတ် သင့်ကိုယ်စားလှယ်အား ပြောင်းလဲလိုပါက ဥပဒေရေးရာ ကိုယ်စားလှယ်များ၏ အမည်များနှင့် လိပ်စာများကို ကျွန်ုပ်တို့ ပေးနိုင်ပါသည်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း သင့်အနေဖြင့် ဤအရာကို စူးစမ်းဆောင်ရွက်လိုပါက သင်သည် ဤလိုအပ်ချက်များနှင့် လိုအပ်သော သက်သေ အထောက်အထားများကို ထည့်သွင်းစဉ်းစားပြီးဖြစ်ကြောင်းနှင့် ဤကိစ္စသည် သင်မလျှောက်ထားမီ အကျိုးဝင်လိမ့်မည်ဖြစ်ကြောင်း ကျေးဇူးပြု၍ သေချာအောင်ပြုလုပ်ပါ။

scottish refugee council

**Scottish Refugee Council** 5 Cadogan Square,
(170 Blythswood Court) Glasgow G2 7PH
အခမဲ့တယ်လီဖုန်း အကြံဉာဏ် **0800 085 6087**
အီးမေးလ် info@scottishrefugeecouncil.org.uk
ဝက်ဘ်ဆိုက် www.scottishrefugeecouncil.org.uk
မှတ်ပုံတင်ထားသည့် ချို့ငဲ့သူများကူညီရေးအဖွဲ့ No: SC008639

OISC